(တံဆိပ်) ခုံသမာဓိအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး
စာအမှတ် ............
ရက်စွဲ ............

**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ် ( ၁၁ / ၂၀၂၂ )**

ဦးတိုးတိုး ( အလုပ်သမား )
နွယ်နီ(၁)လမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
၀၉ - ၇၉၆ ၁၂၁ ၃၁၈

} နစ်နာ၍တောင်းဆိုသူ

နှင့်

Mr. Tsai Chung Ming ( အလုပ်ရှင် )
Sewell Garment Co.,Ltd
( အထည်ချုပ်စက်ရုံ )
ဒေါ်စိုးစန္ဒာထွန်း ( HR Manager )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(၁၇-၁၈)၊ ဘုရားလမ်း၊ ငွေပင်လယ်စက်မှုဇုန်၊
လှိုင်သာယာမြို့နယ်။
၀၉ - ၇၉၉ ၇၇၃ ၄၉၀

} တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၂ ခုနှစ်၊ မတ် လ ၃၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ဘုရားလမ်း၊ အမှတ်(၁၇-၁၈)ရှိ Sewell Garment Co.,Ltd (အထည်ချုပ်စက်ရုံ) Mr. Tsai Chung Ming ( အလုပ်ရှင် )၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်စိုးစန္ဒာထွန်း ( HR Manager ) နှင့် အလုပ်သမား ဦးတိုးတိုး တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Sewell Garment Co.,Ltd (အထည်ချုပ်စက်ရုံ)၊ Mr. Tsai Chung Ming ( အလုပ်ရှင် ) နှင့် အလုပ်သမား ဦးတိုးတိုးတို့အကြား (A) Grade မှ (B) Grade သို့ လျှော့ချခဲ့သဖြင့် (A) Grade အတွက်ရရှိသော နှုန်းထားရရှိလိုသဖြင့် လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားမှုအပေါ် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄) ကြိမ်တိုင်တိုင် ညှိနှိုင်းဖျန်ဖြေပေးခဲ့သော်လည်း ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိ အဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ အလုပ်သမား ဦးတိုးတိုးအား (A) Grade တိုးပေးရန် သင့် / မသင့် ။

တွေ့ရှိချက် ။ ယခု Grade ကြေးတောင်းဆိုမှုသည် စက်ရုံတွင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ( WCC )ဖြင့် ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ရမည့် အငြင်းပွားမှုဖြစ်ပြီး ညှိနှိုင်းဆွေးနွေးပါက ပြေလည်နိုင်သော အငြင်းပွားမှုဖြစ်ကြောင်း တွေ့ရှိရသည်။

ဒေါ်စိုးစန္ဒာထွန်း ( HR Manager )က အလုပ်ရှင်ကိုယ်စား တင်ပြရာတွင် Grade ကြေးသည် စက်ရုံမှပေးသည့် အပိုဆုကြေးဖြစ်သည့်အတွက် စက်ရုံ၏ စံနှုန်းသတ်မှတ်ချက်များအတိုင်း တွက်ချက်ပေးကြောင်း၊ Grade ကြေးစံနှုန်း သတ်မှတ်ချက်သည် လိုင်းအလိုက် အထည်ထွက်နှုန်း၊ အလုပ်သမား၏ ကျွမ်းကျင်မှု၊ စည်းကမ်း လိုက်နာမှုများ အပေါ်တွင် အခြေခံ၍ပေးကြောင်း၊ အလုပ်သမားတစ်ဦးချင်း၏ Point အလိုက် $A^{+}$ ပေးရမည့်နှုန်း၊ A ပေးရမည့်နှုန်း၊ B ပေးရမည့်နှုန်း၊ C ပေးရမည့်နှုန်း စသည်ဖြင့် Rate အလိုက်သတ်မှတ်၍ပေးရန် Ticket Rate ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ဦးတိုးတိုးသည် အထည်ချုပ်လုပ်မှု အရေအတွက် ၃၈% သာ ရှိသည့်အတွက် A အဆင့် မရခဲ့ပါကြောင်း၊ သတ်မှတ်ချက်များနှင့် မကိုက်ညီ၍ A အဆင့်မပေးနိုင်ပါကြောင်း တင်ပြထားပါသည်။

အလုပ်သမား ဦးတိုးတိုးမှ ထွက်ဆိုရာတွင် Grade ကြေးအား ရူပါမှသတ်မှတ်ပေးပြီး ယခင်က A အဆင့်ရရှိခဲ့သော်လည်း ယခုသတ်မှတ်စံချိန်ပြည့်အောင် လုပ်ဆောင်သော်လည်း B အဆင့်သာပေးကြောင်း၊ အကြောင်းပြချက် ခိုင်လုံစွာတင်ပြနိုင်ခြင်းမရှိဘဲ အဆင့်လျှော့ချသည့်အပေါ်တွင် ယခင် A အဆင့်အတိုင်း ပြန်လည်ခံစားခွင့်ရရှိလိုကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက် ။ Grade ကြေးသည် အလုပ်သမား၏ ကျွမ်းကျင်မှုအလိုက် အထည်ထွက်နှုန်းအပေါ် မူတည်၍ စက်ရုံ၏ သတ်မှတ်ချက်များဖြင့် အလုပ်ရှင်မှ ပေးသော အပိုဆုကြေးတစ်ခုဖြစ်ကြောင်း သုံးသပ်ရရှိသည်။

အလုပ်သမား ဦးတိုးတိုးအနေဖြင့် (၁၁/၂၀၂၁) လတွင် A အဆင့်ရရှိခဲ့ပြီး (၁၂/၂၀၂၁) လတွင် အထည်ထွက်နှုန်း သတ်မှတ်ချက် ရာခိုင်နှုန်းထက် လျော့နည်းသည့်အတွက် B အဆင့်သို့ လျှော့ချခံခဲ့ရခြင်းဖြစ်သော်လည်း စက်ရုံမှ သတ်မှတ်ထားသော အထည်ထွက်နှုန်း၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီပါက A အဆင့်သို့ ပြန်လည်ရရှိနိုင်ကြောင်း သုံးသပ်ရရှိပါသည်။

Grade ကြေး ပေးခြင်း/မပေးခြင်း၊ တိုးပေးခြင်း/မပေးခြင်းသည် အလုပ်ရှင်၏ လုပ်ငန်းအကျိုးအမြတ်တို့အပေါ်တွင် မူတည်၍ စီမံခန့်ခွဲမှုအရ ပေးသောအပိုဆုကြေးဖြစ်၍ ခုံသမာဓိအဖွဲ့ စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်း မရှိသော အငြင်းပွားမှုဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက် ။ အလုပ်သမား ဦးတိုးတိုးအား (A) Grade တိုးပေးရန် တောင်းဆိုမှုအား ပယ်ကြောင်းဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်ထပ် )<br>အဖွဲ့ဝင် |
| (မြင့်အောင်)<br>အဖွဲ့ဝင် | (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် |
| ( အောင်ကျော်ထွန်းနိုင်ဦး )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် | |